# မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏လုပ်ငန်း

## မကြာခဏမေးမြန်းလေ့ရှိသောမေးခွန်းများ

## အကျဉ်း။ ။မြန်မာနိုင်ငံတွင်အကူအညီရယူခြင်း

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည်မှာ နှစ်ပေါင်း ၄၀ နီးပါးရှိပြီဖြစ်ပြီး ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ လက်နက်ကိုင်ပဋိပက္ခ၊ အခြားသောအကြမ်းဖက်မှုအခြေအနေများနှင့် သဘာဝဘေးတို့ကြောင့် ထိခိုက်ခံစားရသူများကို အထောက်အပံ့များ ပံ့ပိုးပေးလျက်ရှိပါသည်။ ၂၀၂၁ခုနှစ် မတ်လတွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းမြေငလျင်နှင့် ပိုမိုပြင်းထန်လာသည့်ပဋိပက္ခတို့ကြောင့် ပြောင်းလဲဖြစ်ပေါ်လာသည့် လိုအပ်ချက်များကို အဖြေရှာဖြေရှင်းရန် အိုင်စီအာရ်စီသည် ၎င်း၏ တုံ့ပြန်ကူညီမှုများကို ဖြစ်ပေါ်နေသည့်အခြေအနေနှင့်အညီ လိုက်လျောညီထွေရှိစေရန် ပြောင်းလဲပြုခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် အာရှတွင်း အိုင်စီအာရ်စီ၏ ဒုတိယအကြီးဆုံး လုပ်ငန်းဆောင်ရွက်ရာနေရာဖြစ်ပါသည်။

### မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့အား ဆက်သွယ်ရန်

| လိပ်စာ | ဖုန်းနံပါတ် | ကျွန်ုပ်တို့အကြောင်းသိရှိနိုင်ရန် |
|---|---|---|
| အမှတ် ၂(ဂ)-၅၊<br>ဒေါက်တာဘဟန်လမ်း၊<br>ကမ္ဘာအေးဘုရားလမ်း၊ ၈ မိုင်၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ | +၉၅ ၁ ၈၆၆၂ ၆၁၃၊ ၈၆၆၄<br>၅၂၄၊ ၈၆၆၃ ၃၃၀ | Facebook |

# အပိုင်း ၁။ ။အသုံးဝင်သော သတင်းအချက်အလက်များ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အဖွဲ့များသည် လိုအပ်နေသူများထံသို့ ရောက်ရှိရန် အခက်အခဲများ သိသိသာသာ ရင်ဆိုင်နေရပါသည်။ သို့သော်လည်း ကူညီပံ့ပိုးရန်ဟူသည့် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်မှာ အမြဲမပြောင်းလဲဘဲ ရှိနေပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက ပံ့ပိုးပေးသည့် ဝန်ဆောင်မှုအားလုံးသည် အခမဲ့ဖြစ်သည်ကို မမေ့ပါနှင့်။ အိုင်စီအာရ်စီနှင့် အလုပ်လုပ်နေသည်ဟုပြောကာ တစ်စုံတစ်ယောက်က သင့်အား အကူအညီအတွက် ငွေကြေး သို့မဟုတ် အခြားတစ်စုံတရာကို အလဲအလှယ်ပြုလုပ်ရန် တောင်းဆိုလာခဲ့ပါက ကျေးဇူးပြု၍ ထိုအကြောင်းကို မြေပြင်တွင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့၏ အဖွဲ့ထံသို့ သတင်းပေးပို့ပါ။

## အိုင်စီအာရ်စီက ကျွန်ုပ်အား မည်ကဲ့သို့ ကူညီနိုင်သနည်း။

ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပဲခူးအရှေ့၊ မန္တလေး နှင့် ရန်ကုန်တို့တွင် ကျွန်ုပ်တို့ အဖွဲ့များရှိပါသည်။ မတ်လ ၂၈ရက်နေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူထုအများအပြားထိခိုက်ခံစားခဲ့ရသည့် မန္တလေးတွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံကြက်ခြေနီ၊ အခြားသော ဒေသတွင်းတုံ့ပြန်ကူညီသူများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအား အရေးတကြီးလိုအပ်နေသူများထံသို့ သွားရောက်နိုင်ရန် လိုအပ်သည့် အထောက်အပံ့ ပေးအပ်ခြင်းကို အဓိကထား ဆောင်ရွက်ခဲ့ပါသည်။ (ကျွန်ုပ်တို့၏ ငလျင်တုံ့ပြန်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုသိရှိနိုင်ရန်)

လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသများတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုများအား နေ့စဉ်မရှိမဖြစ်လိုအပ်သည့်အရာများနှင့် ပေါက်ကွဲမှုဘေးအန္တရာယ်များနှင့် သက်ဆိုင်သည့် အရေးကြီးသည့် သတင်းအချက်အလက်များကို ပံ့ပိုးပါသည်။ ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုများအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အစပြုနိုင်ရန် အားပေးတိုက်တွန်းပါသည်။

ထို့ပြင် ကျွန်ုပ်တို့သည် ဆေးရုံနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အဦများအတွက် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများကို ထောက်ပံ့ပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်အားဖြင့် မသန်စွမ်းသူများသည် အရိုးအကြောဆိုင်ရာ အထူးပြုလုပ်ထားသော ဖိနပ်များနှင့် သွားလာရန်အထောက်အကူပြုပစ္စည်းများကို ရရှိနိုင်ပါသည်။

ကျွန်ုပ်တို့သည် မိသားစုများကို ထိန်းသိမ်းခံထားရသည့် ၎င်းတို့၏ ဆွေမျိုးများထံသို့ သွားရောက်တွေ့ဆုံရာတွင် အထောက်အကူဖြစ်စေရန် ပံ့ပိုးကူညီပြီး ဖမ်းဆီးချုပ်နှောင်ခြင်းမှ လွတ်မြောက်လာသူများအား ၎င်းတို့၏ အိမ်သို့ ဂုဏ်သိက္ခာရှိရှိပြန်နိုင်စေရန် ထောက်ပံ့ကူညီပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ပျောက်ဆုံးနေသူများ၏ ကံကြမ္မာနှင့် ဘယ်ဆီဘယ်ဝယ်တွင်ရောက်ရှိနေကြောင်း ရှင်းရှင်းလင်းလင်းသိရှိနိုင်စေရန် လုပ်ဆောင်ပြီး ဖြစ်နိုင်သည့်အချိန်တိုင်းတွင် မိသားစုများ ပြန်လည်ပေါင်းဆုံနိုင်စေရန် ကူညီပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများနှင့်အတူ ကျွန်ုပ်တို့သည် အရေးပေါ်အခြေအနေများတွင် လူထုအား အကူအညီပေးလျက်ရှိသူများအတွက် ရှေးဦးပြုစုခြင်း နှင့် ဆေးရုံမတိုင်မီ လူနာအား ပြုစုစောင့်ရှောက်မှုပေးခြင်း သင်တန်းများကို စီစဉ်ပေးပါသည်။

## မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီကို မည်ကဲ့သို့ ဆက်သွယ်နိုင်မည်နည်း။

+၉၅ ၉ ၇၇ ၆၆၆ ၂ ၅၅၅ သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် အိုင်စီအာရ်စီနှင့် ဆက်သွယ်နိုင်ပါသည်။
ရုံးဖွင့်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့၊ မနက် ၈နာရီမှ ညနေ ၄နာရီခွဲ ဖြစ်ပါသည်။
ထို့ပြင် အိုင်စီအာရ်စီ မြန်မာ ဖေ့စ်ဘွက်ခ်စာမျက်နှာ သို့ သတင်းစကားပေးပို့နိုင်ပါသည်။

## ကျွန်ုပ်၏ မိသားစုဝင်တစ်ဦးနှင့် အဆက်အသွယ်ပြတ်တောက်နေပါသည်။ မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

အကယ်၍ သင်သည် မြန်မာနိုင်ငံတွင်ရှိနေပါက၊ ဖုန်းနံပါတ် +၉၅ ၉ ၇၇ ၆၆၆ ၂ ၅၅၅ သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် အိုင်စီအာရ်စီကို ဆက်သွယ်နိုင်ပါသည် (သို့မဟုတ်) မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ဖုန်း +၉၅ ၉၉၅ ၇၅၅ ၇၀၀၀ သို့လည်း ဆက်သွယ်နိုင်ပါသည်။

အကယ်၍ သင်သည် မြန်မာနိုင်ငံ ပြင်ပတွင် ရောက်ရှိနေပါက ကျေးဇူးပြု၍ သင်နှင့်အနီးဆုံးတွင် ရှိသည့် ကြက်ခြေနီ (သို့မဟုတ်) လခြမ်းနီအသင်းများ (သို့မဟုတ်) အိုင်စီအာရ်စီရုံးသို့ ဆက်သွယ်ပါ။ လမ်းညွှန်ကို ဤနေရာတွင် ရှာဖွေနိုင်ပါသည်။

## သဘာဝဘေးတစ်ခုခုဖြစ်ပွားပြီးနောက် သို့မဟုတ် အကြမ်းဖက်မှု အဖြစ်အပျက်တစ်ခုခုကြောင့် ကျွန်ုပ်နေထိုင်ရာ နေရာတွင် ရုပ်အလောင်းများရှိနေပါသည်။ မည်သို့ဆောင်ရွက်သင့်သနည်း။

သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို မှန်ကန်စွာနှင့် လူ့ဂုဏ်သိက္ခာနှင့်အညီ ရှာဖွေဖော်ထုတ်ခြင်းကို လေ့ကျင့်သင်ကြားထားသူများကသာ ဆောင်ရွက်သင့်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများ

(သို့မဟုတ်) လေ့ကျင့်သင်ကြားထားသူများ မရောက်ရှိမီ ကျေးဇူးပြု၍ ၎င်းတို့အား နေရာရွှေ့ရန် (သို့မဟုတ်) ကိုင်တွယ်ရန် မကြိုးစားပါနှင့်။ ထိုသို့ပြုလုပ်ခြင်းက နောက်နောင်တွင် ရုပ်အလောင်းများကို မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ထုတ်ရာတွင် ဖြစ်နိုင်ခြေများနှင့် မိသားစုများကို ဖြေကြားရာတွင် ထိခိုက်နိုင်ပါသည်။

သဘာဝဘေးအန္တရာယ် နှင့် အကြမ်းဖက်မှုအဖြစ်အပျက်များကြောင့် သေဆုံးသွားသူများ၏ ရုပ်အလောင်းများက ကူးစက်ရောဂါပြန့်ပွားခြင်း မဖြစ်နိုင်ကြောင်းကို သိရှိထားဖို့လိုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ထိခိုက်ဒဏ်ရာကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ကူးစက်ရောဂါကြောင့် သေဆုံးခြင်း မဟုတ်သောကြောင့် ဖြစ်သည်။ အများပြည်သူကို ကူးစက်နိုင်ခြေမှာ အလွန်နည်းပါးပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ရုပ်အလောင်းများမှ အနံ့ ပိုမို ထွက်ရှိလာသော်လည်း အန္တရာယ်မရှိပါ။

### လူနာတင်ယာဉ်လိုအပ်နေပါသည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) သည် အရေးပေါ်နှင့် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ကူညီရာတွင် ဦးဆောင်ဦးရွက်ပြုသူ ကဏ္ဍအနေဖြင့် ဆောင်ရွက်ပါသည်။ ထို့ပြင် ၎င်းတို့သည် အချို့သောနေရာများတွင် လူနာတင်ယာဉ်ဝန်ဆောင်မှုကိုလည်း ပေးနေပါသည်။

📞 MRCS ၏ လူနာတင်ယာဉ်ဝန်ဆောင်မှု +၉၅ ၉ ၆၆၉ ၉၅၈ ၈၅၈

ပိုမိုသိရှိလိုပါက သို့မဟုတ် သင်နှင့်အနီးစပ်ဆုံး အသင်းခွဲကို ဆက်သွယ်ရန်၊ ကျေးဇူးပြု၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖေ့စ်ဘွက်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# အပိုင်း ၂။ ။ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ပုံ

### မြန်မာနိုင်ငံတွင် အိုင်စီအာရ်စီ ဘာတွေဆောင်ရွက်နေပါသလဲ။

မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏ တုံ့ပြန်အကူအညီများတွင် အရေးပေါ်အကူအညီနှင့် ကာလရှည် အထောက်အပံ့များ ပါဝင်ပါသည်။ ပြင်းထန်သည့်အကျပ်အတည်းကာလများတွင် ကျွန်ုပ်တို့သည် အဆောတလျင်လိုအပ်ချက်များကို ဖြေရှင်းရန် အစားအစာနှင့် အိမ်သုံးပစ္စည်းများကို ပေးဝေပါသည်။ ကာလရှည်အကျပ်အတည်းကာလများတွင် ကျွန်ုပ်တို့သည် ထိခိုက်ခံစားရသည့် မိသားစုများအား ၎င်းတို့၏ ဝင်ငွေရှာဖွေနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် ထောက်ပံ့ကူညီပါသည်။

ကျွန်ုပ်တို့၏ အထောက်အပံ့တွင် နေထိုင်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်နှင့် သန့်ရှင်းသောရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အအုံများရရှိမှု ပိုမိုကောင်းမွန်လာစေရန် တို့ပါဝင်ပါသည်။ ကျွန်ုပ်တို့အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေ (IHL) ကို လေးစားလိုက်နာမှု ပိုမိုလာစေရန်ဆောင်ရွက်လျက်ရှိသည့်အပြင် စစ်လက်နက် အကြွင်းအကျန်များနှင့် ညစ်ညူးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ပျံ့နှံ့စေရန်လည်း ဆောင်ရွက်ပါသည်။

ကျွန်ုပ်တို့သည် အကျဉ်းထောင်များသို့ သွားရောက်လည်ပတ်ပြီး အကျဉ်းသားအားလုံးအပေါ် လူသားဆန်သည့် ပြုမူဆက်ဆံမှုများရှိကြောင်း၊ သင့်တော်လုံလောက်သည့် နေထိုင်မှုအခြေအနေများ ရှိကြောင်း နှင့် မိသားစုနှင့်အဆက်အသွယ်ရှိကြောင်း သေချာစေရန် အကျဉ်းထောင်တာဝန်ရှိသူများ နှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ပါသည်။ လိုအပ်သည့်အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် အကျဉ်းကျခံနေရသူများနှင့် ၎င်းတို့ချစ်ခင်ရသူများအကြား အဆက်အသွယ်ပြန်လည်ရရှိစေရေးဆိုင်ရာ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို ကမ်းလှမ်းပါသည်။ အကျဉ်းသားအားလုံးနှင့် တွေ့ဆုံခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသော်လည်း ကျွန်ုပ်တို့ သွားရောက်လည်ပတ်နိုင်စွမ်းရှိသည့် နေရာအတိအကျသည် တာဝန်ရှိသူများနှင့် ဆက်လက်ပြုလုပ်လျက်ရှိသည့် နှစ်ဦးနှစ်ဖက်အပြန်အလှန်ဆွေးနွေးမှုနှင့် ၎င်းတို့၏ သဘောထားပေါ် တွင်မူတည်ပါသည်။

## ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့မှစတင်ပြီး အိုင်စီအာရ်စီက မည်သည့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်ပြီးစီးခဲ့ပါသလဲ။

မတ်လ ၂၈ရက်နေ့တွင် ၇.၇ ပြင်းအားရှိ မြေငလျင်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ရွာအသိုင်းအဝိုင်းများကို ကြီးစွာပျက်စီးဆုံးရှုံးစေပြီး အစီရင်ခံစာများအရ လူပေါင်း ထောင်ချီကာ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများ ဖြစ်ပေါ် ခဲ့ပါသည်။ အိမ်များ၊ ဆေးရုံများ၊ လမ်းများနှင့် အခြားအရေးကြီးသည့် အခြေခံအဆောက်အအုံများ အကြီးအကျယ်ပျက်စီးခဲ့ပြီး ဒေသပတ်ဝန်းကျင် တစ်ခုလုံးသည် အုတ်ပုံအဖြစ်သို့ ဆိုက်ရောက်ခဲ့ပါသည်။

ဤသဘာဝဘေးသည် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများကြောင့် နဂိုကတည်းက အလွန်အမင်းထိခိုက်ခံစားခဲ့ရပြီးဖြစ်သည့် လူထုအပေါ် ရိုက်ခတ်ခဲ့ပါသည်။ ဖြစ်ဖြစ်ခြင်းအချိန်ကတည်းက စတင်က အိုင်စီအာရ်စီသည် အထူးသဖြင့် အများဆုံးထိခိုက်ခံစားခဲ့ရသည့် ဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် အဆောတလျင်လိုအပ်ချက်များကို တုံ့ပြန်ကူညီရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS)နှင့် ဒေသတွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အတူတကွ တွဲဖက်ကာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သည့် ဖြလတာ ကာလအတွင်းတွင် အိုင်စီအာရ်စီသည် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အတွက် ထောက်ပံ့ကူညီခြင်း၊ နေထိုင်ရန်အမိုးအကာဆိုင်ရာပစ္စည်းများနှင့် ရေစစ်အိုးများအပါအဝင် မရှိမဖြစ်အရေးကြီးသည့် ကယ်ဆယ်ရေးပစ္စည်းများ ပေးဝေခြင်း၊ သန့်ရှင်းသောရေနှင့် မိလ္လာ ရေဆိုးနုတ်စနစ်များ နဂိုအတိုင်း ပြန်လည်ရရှိစေရန် ဆောင်ရွက်ခြင်း နှင့် ကွဲကွာနေသည့် မိသားစုဝင် များအကြား အဆက်အသွယ်ပြန်လည်ရရှိစေရန် ကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ပေါက်ကွဲမှုဘေးအန္တရာယ်ကို ခံစားခဲ့ရသည့် ဒေသများတွင် ဘေးအန္တရာယ်အသိပညာ ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ အရေးပေါ်တုံ့ပြန်မှုသည် ဖြလတိုင်ခဲ့ပြီဖြစ်သည့်အလျောက် အိုင်စီအာရ်စီသည် ဟန်ချက်ညီသည့် ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ကြိုးပမ်းမှုများသို့ အသွင်ကူး ပြောင်းရန် ဒေသတွင်း တာဝန်ရှိသူများ၊ MRCS နှင့် အခြား ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု မိတ်ဖက်များနှင့် အနီးကပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ ဤကြိုးပမ်းမှုများသည် အရေးကြီးသည့် ဝန်ဆောင်မှုများ နဂိုအတိုင်းပြန်လည် ကောင်းမွန်လာစေရန်၊ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို ထောက်ပံ့ကူညီရန် နှင့် ငလျင်ကြောင့် အများဆုံးထိခိုက်ခံစားခဲ့ရသည့် ဒေသများရှိ ရပ်ရွာလူထု၏ အရန်အသင့်ရှိမှု ပိုမိုအားကောင်းလာစေရန်တို့ကို အဓိကဦးတည်ပါသည်။

ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နောက်ဆုံးရအချက်အလက်များကို သိရှိနိုင်ရန် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံဆိုင်ရာ ဘက်ဘ်ဆိုက်စာမျက်နှာ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်လျက်ရှိကြောင်း မည်ကဲ့သို့ သေချာ စေသနည်း။

အိုင်စီအာရ်စီသည် ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် အခြေခံမှု များအရ လုပ်ငန်းဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လုပ်ငန်းသည် နိုင်ငံရေး သို့မဟုတ် စစ်ရေးအရ လွှမ်းမိုးမှုမရှိဘဲ ဆောင်ရွက်ကြောင်း သေချာ စေရန် ကျွန်ုပ်တို့သည် သက်ဆိုင်သူများအားလုံးနှင့် နှစ်ဦးနှစ်ဖက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်း နည်းလမ်းကို ဆုပ်ကိုင်ထားပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်စွာသွားရောက်နိုင်ရန်၊ ရည်မှန်းချက် အတိုင်းသွားရောက်နိုင်ရန်နှင့် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရသူများကို အထောက်အပံ့ တိုက်ရိုက်ပေးအပ်နိုင်ရန် ညှိနှိုင်းဆွေးနွေးပါသည်။

## မြန်မာနိုင်ငံတွင် အိုင်စီအာရ်စီသည် မည်သည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသနည်း။

ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများ၊ အုပ်ချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များ နှင့် လမ်းများပိတ်ဆို့နေခြင်းနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းအစရှိသည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းကို ဆောင်ရွက်ရသည်မှာ အလွန်ရှုပ်ထွေးပါသည်။ ထို့ပြင် ထိရှလွယ်သည့် နိုင်ငံရေးအခြေအနေတစ်ခုကို ဖြတ်သန်းနေရသည့်အလျောက် ကြားနေခြင်းဟူသည့် မူကို ထိန်းသိမ်းရာမှာလည်း ဆက်လက်တည်ရှိနေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

## မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏လုပ်ငန်းများကို ထောက်ပံ့ကူညီရန် တစ်ဦးချင်းအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်သနည်း။

လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အိုင်စီအာရ်စီ၏ တရားဝင် လှူဒါန်းရန်နေရာမှတဆင့် ပါဝင်ထည့်ဝင်ကူညီခြင်းဖြင့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများကို ထောက်ပံ့ပေးနိုင်ပါသည်။ ထိုအလှူငွေများက ကျွန်ုပ်တို့ကို ဆန်၊ ဆေးအထောက်အပံ့နှင့် အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများအပါအဝင် အရေးကြီးသည့် အကူအညီများအား ထိခိုက်ခံစားရသည့် ရပ်ရွာလူထုထံသို့သွားရောက် ပေးအပ်နိုင်ရန် ထောက်ကူပါသည်။

## အိုင်စီအာရ်စီ၏ မြေငလျင်ဆိုင်ရာ တုံ့ပြန်မှုများအတွက် မည်သည့်နေရာတွင် ပါဝင်လှူဒါန်းနိုင်သနည်း။

လှူဒါန်းမှုများအား အိုင်စီအာရ်စီ၏ တရားဝင် ဝက်ဘ်ဆိုက်စာမျက်နှာမှတဆင့် တိုက်ရိုက်လှူဒါန်းခြင်းဖြင့် အလှူငွေများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများသို့ တိုက်ရိုက် ရောက်ရှိနိုင်ပါသည်။ အိုင်စီအာရ်စီသည် ရန်ပုံငွေရှာဖွေရာတွင် အခြားသော ကြားခံအဖွဲ့များ၏ စုပေါင်းရန်ပုံငွေရှာဖွေသည့် နေရာများကို အမှီသဟဲပြုခြင်း မရှိပါ။

## အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ပါသလဲ။

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား နည်းပညာပိုင်း၊ ငွေကြေးပိုင်းနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပံ့ပိုးခြင်းဖြင့် ယင်း၏ အရေးပေါ်တုံ့ပြန်ကူညီနိုင်စွမ်းကို မြှင့်တင်ပါသည်။ ဤတွင် ရောက်ရှိရန်ခက်ခဲသည့်နေရာများတွင် ရှေးဦးပြုစုမှုဆိုင်ရာသင်တန်းပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးအကူအညီနှင့် အကူအညီများပေးဝေရာတွင် ပံ့ပိုးကူညီခြင်းတို့ ပါဝင်ပါသည်။ ဤပူးပေါင်းဆောင်ရွက်

မှုသည် ကြားနေခြင်းဟူသည့် မူဝါဒကို တိတိကျကျ လိုက်နာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ဘုံရည်မှန်းချက်များကို အခြေခံပါသည်။

## အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ပါသလား။

အိုင်စီအာရ်စီသည် လိုအပ်နေသူများထံသို့ အကူအညီများ ထိထိရောက်ရောက် ရောက်ရှိနိုင်စေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်များ နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ အပါအဝင် အမျိုးမျိုးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တစ်သီးပုဂ္ဂလဆောင်ရွက်သော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေပြီး မည်သည့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများနှင့်မှ ပူးပေါင်းဆောင်ရွက်ခြင်း မရှိပါ။

## အိုင်စီအာရ်စီသည် အကူအညီများကို ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများထံသို့ တိုက်ရိုက်ပေးအပ်ရမည့်အစား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် (SSPC) သို့ လွှဲပြောင်းပေးအပ်ခြင်း ရှိပါသလား။

အိုင်စီအာရ်စီသည် ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ထိခိုက်ခံစားခဲ့ရသည့် လူထုထံသို့ အကူအညီများ တိုက်ရိုက်ပေးအပ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းများအတွက် သွားရောက်နိုင်ခွင့် အဆင်ပြေချောမွေ့စေရန် နှင့် တစ်နေရာတည်းအား ထပ်၍ထပ်၍ ပံ့ပိုးနေခြင်းမှ ရှောင်ရှားနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက် သော်လည်း နိုင်ငံရေး သို့မဟုတ် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှတဆင့် လုပ်ငန်းဆောင်ရွက်ခြင်း မရှိပါ။ ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်အကူအညီများကို ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် မူများက တိတိကျကျ လမ်းညွှန်လျက် ရှိပါသည်။

## ဖမ်းဆီးထိန်းသိမ်းခံထားရသော အတိုက်အခံအဖွဲ့များက အဖွဲ့ဝင်များ၏ အခြေအနေ ဘယ်လိုရှိပါသလဲ။

အိုင်စီအာရ်စီသည် အကျဉ်းသားအားလုံးအား ၎င်းတို့ မည်သည့်အကြောင်းကြောင့် အကျဉ်းကျခံရ သည်ဖြစ်စေ လူသားဆန်သည့် ပြုမူဆက်ဆံမှုများနှင့် သင့်တော်လုံလောက်သည့် နေထိုင်မှုအခြေ အနေများ ရှိကြောင်း သေချာစေရန် ဆောင်ရွက်ပါသည်။ ဤလုပ်ကိုင်ဆောင်ရွက်မှုသည်

သက်ဆိုင်သည့် တာဝန်ရှိသူများ နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးပြီး အတွင်းရေးကိစ္စအဖြစ်ထားရှိခြင်း ဟူသည့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု မူဘောင်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများပြည်သူသိရှိစေရန် သို့မဟုတ် အခြားတတိယ အဖွဲ့အစည်းသို့ ဖွင့်ဟပြောဆိုခြင်းများ ပြုလုပ်နိုင်ခြင်း မရှိပါ။ ဤတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူ တစ်ဦးတစ်ယောက်ချင်းစီနှင့်ပတ်သက်ပြီး အများပြည်သူသိရှိစေရန် သုံးသပ်ချက်များ ထုတ်ပြန်ခြင်း မပြုခြင်းလည်း ပါဝင်ပါသည်။

## အိုင်စီအာရ်စီသည် အများဆုံးထိခိုက်ခံစားခဲ့ရသည့် ဒေသများရှိ လူထုအား ထောက်ပံ့ကူညီနေပါသလား။

ထောက်ပံ့ကူညီနေပါသည်။ အိုင်စီအာရ်စီသည် အများဆုံးထိခိုက်ခံစားခဲ့ရပြီး ဘေးဖြစ်ရန် အလွယ်ကူဆုံးသော လူအုပ်စုကို အဓိကထားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များပေါ်တွင် အခြေတည်ကာ ထောက်ပံ့မှုကို ဦးစားပေး သတ်မှတ်ပါသည်။ ကျွန်ုပ်တို့သည် ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ဝေးလံပြီး သွားရောက်ရန်ခက်ခဲသည့် ဒေသများသို့ ရောက်ရှိနိုင်ရန် လုပ်ငန်းဆောင်ရွက်ပါသည်။

## အိုင်စီအာရ်စီက အလှူငွေများကို အကျိုးရှိရှိ အသုံးပြုနေကြောင်းကို ကျွန်ုပ်တို့ မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

အိုင်စီအာရ်စီသည် ရန်ပုံငွေ အများစုအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများသို့ တိုက်ရိုက်ရောက်ရှိစေခြင်းဖြင့် အလှူငွေများကို အကျိုးရှိရှိ အသုံးပြုကြောင်း သေချာစေပါသည်။ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခု အနေဖြင့် ကျွန်ုပ်တို့သည် အကူအညီပေးဝေခြင်းအတွက် အများဆုံးဖြစ်စေမည့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှုအစီအမံများကို တင်းတင်းကျပ်ကျပ် ချမှတ်ထားပါသည်။

ကျွန်ုပ်တို့၏ ရန်ပုံငွေနှင့် သုံးစွဲမှု အကြောင်းပိုမိုသိရှိလိုပါက ဖတ်ရှုနိုင်ပါသည်။